Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



# Network for Democracy and Development
## Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (017/2010)
# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၁၇/၂၀၁၀)

၂၀၁၀ ခုနှစ်၊ မေလ (၁၆) ရက်နေ့မှ မေလ (၂၂) ရက်နေ့အထိ

နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- ရှမ်းမြောက်ပိုင်း ကျောက်မဲခရိုင် နမ့်ဆန်မြို့နယ်ရှိ ကျေးရွာအများစုကို နမ့်ဆန်အခြေစိုက် ဦးခွန်ပွင့်ဦးဆောင်သော ကြံ့ဖွံ့အဖွဲ့ဝင်များသည် ဒေသခံကြံ့ဖွံ့အဖွဲ့ဝင်များနှင့် ရွာတွင်းအဖွဲ့ငယ်များကို ကြံ့ဖွံ့ပါတီအားမဲပေးလာနိုင်ရန်အတွက် မဲဆွယ်စည်းရုံးပေးနိုင်သူတိုင်းအား ကွန်ပျူတာ၊ လက်ကိုင်ဖုန်းပေးမည်ဖြစ်ပြီး လာရောက်မဲပေးချိန်တွင် အသွားအပြန်အတွက် မော်တော် ဆိုယ်ကယ်ဆီဖိုးနှင့်ငွေများပေးမည်ဟု မက်လုံးပေးစည်းရုံးနေသည်။ **(Palaungland 170510)** **Read More...**
- ရန်ကုန်တိုင်းအတွင်း ရေရှားပါးနေသည့် မြို့နယ်များသို့ သွားရောက်ရေလှူဒါန်းနေသည့် အလှူရှင်များကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** အဖွဲ့ဝင် ဟုတ်မဟုတ် ကြံ့ဖွံ့အသင်းက လိုက်လံမေးမြန်းနေကြောင်း ရေအလှူပြုလုပ်နေသည့် အလှူရှင်များကပြောသည်။ **(NEJ 180510)** **Read More...**
- ပဲခူးတိုင်းအတွင်း သောက်သုံးရေ ပြတ်လပ်သော ဒေသများသို့ ရေလှူရန် သွားရောက်သည့် စေတနာ့ဝန်ထမ်းအလှူရှင်များ၏ ကားများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ၎င်းတို့အလံနှင့်တံဆိပ်များ တပ်ဆင်ယူဆောင်သွားရန် ပေးအပ်နေကြောင်း ပဲခူးမြို့နယ် **NLD** ဥက္ကဋ္ဌ ဦးမြတ်လှကပြောသည်။ **(Irrwaddy 190510)** **Read More...**
- ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဝန်ကြီးချုပ် ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ဝင်များက မြို့နယ်အသီးသီးတွင် နည်းမျိုးစုံဖြင့် စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်နေသည်။ **(DVB 190510)** **Read More...**
- သျှမ်းပြည် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်တွင် ကြံ့ဖွံ့ပါတီဝင်စုဆောင်းရေး လုပ်ငန်းများအား မေလ ၁၅ ရက်နေ့မှစ၍ မြို့ပေါ်ရပ်ကွက်များအတွင်း ပါတီဝင်စုဆောင်းရာတွင် တစ်ရပ်ကွက်ကို ၅၀ ဦး မဝင်မနေရစနစ်ဖြင့် စုဆောင်းနေကြောင်း ဒေသခံတစ်ဦးကပြောသည်။ **(S.H.A.N 200510)** **Read More...**
- ချင်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးဌာန၏ ဦးဆောင်မှုဖြင့် အသက် ၁၈ နှစ်ပြည့်ပြီးသူနှင့် ယခုနှစ် အောက်တိုဘာလတွင် ၁၈ နှစ်ပြည့်မည့်သူများ၏ အမည်စာရင်းကို ချင်းပြည်နယ်မြို့နယ်အသီးသီးတွင် မေလဆန်းပိုင်းမှစ၍ ကောက်ယူနေသည်ဟု မတူပီမြို့နယ် ဒေသခံတစ်ဦးကပြောသည်။ **(Khonumthung 200510)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ၂၀၁၀ ရွေးကောက်ပွဲအတွက် မဲစာရင်းပေးကြရန် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ နအဖသံရုံးက တောင်ကိုရီးယားနိုင်ငံ၌ ရောက်ရှိနေသော မြန်မာနိုင်ငံသားများကို စာပို့အကြောင်းကြားထားကြောင်း တောင်ကိုရီးယား၌ရှိ မြန်မာအသိုင်းအဝိုင်းမှဆိုသည်။ **(DVB 210510)** **Read More...**
- နအဖ စစ်အစိုးရမှ ယခုနှစ်အတွင်း ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲအတွက် မဲပေးရမည့် နည်းစနစ်များကို တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်တွင် ကော့သောင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့် ကျေးရွာကော်မရှင် အဖွဲ့ဝင်များက သရုပ်ပြရှင်းလင်း လေ့ကျင့်မှုများ ပြုလုပ်ပေးနေသည်ဟု မျက်မြင်သက်သေတစ်ဦးကပြောသည်။ **(RFA 210510)** **Read More...**
- စစ်အစိုးရ အာဏာပိုင်များက ကရင်နီပြည် ရှားတောမြို့ စုစည်းကျေးရွာမှ အရပ်သားပြည်သူများအား ယခုနှစ်အတွင်း တောင်ယာများပြန်လုပ်ခွင့်ပေးကြောင်း၊ ယာခင်းများလုပ်ကိုင်စားသောက်ရန် ပိတ်ပင်ထားရာမှ ယခုလိုလွတ်လပ်စွာ ပြန်လည်လုပ်ကိုင်စားသောက်ခွင့်ပေးခြင်းသည် ရွေးကောက်ပွဲအတွက် ဆွဲဆောင်မှုတစ်ခုဖြစ်သည်ဟု ဒေသခံရွာသားများက ယူဆကြသည်။ **(Kantarawaddy Times 210510)** **Read More...**

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မှတ်ပုံတင်ထားသည့် "စစ်အစိုးရ လက်ဝေခံ" ကယန်းအမျိုးသားပါတီ **(Kayan Nationl Party)** ကို ဖွဲ့စည်းမှတ်ပုံတင်သူများသည် ကယန်းလူထု၏ သဘောထားကို ရယူခြင်းမရှိ ဘဲ တာဝန်မဲ့ လုပ်ရပ်ပပ်ဖြစ်သည်ဟု ကယန်းမျိုးဆက်သစ်လူငယ် **(KNGY)** မှ မေလ ၁၇ ရက်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ **(Kantarawaddy Times 210510)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လူငယ်များ၊ ဒီမိုကရေစီပါတီက လူငယ်များနှင့် လမ်းပြကြယ်အဖွဲ့ခေါင်းဆောင် ရှေ့နေ ဦးအေးမြင့်တို့ပူးပေါင်းပြီး ပဲခူးတိုင်း ဝေါမြို့နယ်က ကျေးရွာများတွင် သောက်ရေတွင်း၊ အဝီစိတွင်းများ တူးဖော်လှူဒါန်းနေကြသည်။ **(RFA 220510)** **Read More...**

### (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- မေလ ၂၁ ရက်နေ့တွင် ကျရောက်သည့် (၅၂) နှစ်မြောက် ရှမ်းတော်လှန်ရေးနေ့ အခမ်းအနားတွင် ပါတီကြီးများဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်တို့ မပါဝင်သည့် နအဖ ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ကြရန် ရှမ်းပြည်တပ်မတော် ခေါင်းဆောင်လည်းဖြစ်၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကော်မတီ ဥက္ကဋ္ဌ လည်းဖြစ်သည့် ဗိုလ်ချုပ် ယွက်ဆစ်က ပြောကြားလိုက်သည်။ **(DVB 210510)** **Read More...**
- ရွေးကောက်ပွဲဥပဒေအရ ကယား (ကရင်နီ) ပြည်နယ်တွင် ကရင်ပြည်သူ့ပါတီမှ မဲဆန္ဒနယ်မြေ ပါဝင်သည်ဟုဆိုထားသည့်အတွက် လူမျိုးရေးအရ နောက်ဆက်တွဲအခြေအနေများကို စိုးရိမ်ရသည်ဟု ကရင်နီအမျိုးသားတိုးတက်ရေးပါတီ **KNPP** မှ အတွင်းရေးမှူး ၁ ခူဦးရယ်က ပြောသည်။ **(Kantarawaddy Times 210510)** **Read More...**

### (ဂ) ပြည်ပအင်အားစုများ

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပျက်သုန်းသွားခြင်း မဟုတ်ကြောင်းနှင့် ပါတီကို ထောက်ခံကြောင်း **Burma Action (Isreal)** က ဦးဆောင်ပြီး အစ္စရေးလ်ရောက် မြန်မာများက တဲလ်အဗစ်မြို့ရှိ မြန်မာသံရုံးရှေ့၌ မေလ ၁၇ ရက်နေ့တွင် ဆန္ဒပြခဲ့သည်။ **(Mizzima 170510)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ၂၀၁၀ ခုနှစ် မတ်လ ၁၁ ရက်နေ့က ၂၀၁၀ ရွေးကောက်ပွဲအတွက် ဖွဲ့စည်းလိုက်သည့် ရွေးကောက်ပွဲ ကော်မရှင်သည် ပြည်ထောင်စုကြံ့ခိုင်ရေးဖွံ့ ဖြိုးရေးပါတီကိုဘက်လိုက်၍ ပါတီတည်ထောင်ခွင့်ပြုလိုက်သည့်အတွက် မည်သို့နည်းနှင့်မှ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်မည်မဟုတ်သဖြင့် ၎င်းရွေးကောက်ပွဲအား ဖျက်သိမ်းပေးရန် မြန်မာနိုင်ငံရှေ့နေများကောင်စီ **(BLC)** က ဥပဒေရေးရာသုံးသပ်ချက်တစ်ရပ်ကို မေလ ၁၉ ရက်နေ့ကထုတ်ပြန်တောင်းဆိုလိုက်သည်။ **(RFA 190510)** Read More...
- မေလ ၂၀ ရက်နေ့ထုတ် စစ်အစိုးရပိုင် ကြေးမုံသတင်းစာတွင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်တွင်ပါရှိသော "မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ" ၏ အလံနှင့်ပတ်သက်၍ လက်ရှိလူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့သူ ဥက္ကဋ္ဌ ကိုမိုးသီးဇွန် (၁၉၈၈–၉၈) က ကန့်ကွက်ကြောင်း ပြောကြားလိုက်သည်။ **(NEJ 210510)** Read More...
- ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ရေးအတွက် ဂျပန်နိုင်ငံရောက် မြန်မာအတိုက်အခံအင်အားစုများက တိုကျိုမြို့ရှိ နအဖသံရုံးရှေ့တွင် မေလ ၂၁ ရက်နေ့က သွားရောက်ဆန္ဒပြ တောင်းဆိုခဲ့ကြသည်။ **(DVB 210510)** Read More...

အပစ်ရပ်အဖွဲ့အစည်းများ

(က) နယ်ခြားစောင့်တပ် အသွင်မပြောင်းရသေးသည့်အဖွဲ့များ

- အသွင်ပြောင်းရေးကိစ္စ နောင်တက်လာမည့်အစိုးရသစ်နှင့်သာဆွေးနွေးလိုကြောင်း စစ်ဘက်ရေးရာလုံချုပ်ရေးအရာရှိချုပ် ဒု–ဗိုလ်ချုပ်ကြီးရဲမြင့်ထံသို့ အပစ်ရပ် **SSA** တပ်မဟာ ၁ က မေလ ၁၁ ရက်စွဲဖြင့် အိတ်ဖွင့်ပေးစာတစ်စောင့် ပေးခဲ့သည်ဟု **SSA** တပ်မဟာ ၁ နှင့် နီးစပ်သူတစ်ဦးကပြောသည်။ **(S.H.A.N 170510)** Read More...
- အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒု–တိုင်းမှူး ဗိုလ်မှူးကြီးချစ်ဦးနှင့်တွေ့ဆုံရန် မိုင်းနောင် စကခ က ဖိတ်ခေါ်ခဲ့သော်လည်း နအဖအား ယုံကြည်မှုမရှိသောကြောင့် သွားရောက်တွေ့ဆုံခြင်းမပြုနိုင်ကြောင်း အပစ်ရပ် **SSA** တပ်မဟာ ၁ ခေါင်းဆောင်များက အပြတ်ငြင်းဆန်လိုက်သည်ဟု လဲချား (လိုင်းခ) ဒေသခံတစ်ဦးက ပြောသည်။ **(S.H.A.N 180510)** Read More...
- အသွင်ကူးပြောင်းရေး တိုက်တွန်းဖိအားပေးခံရမှု တစ်နှစ်ပြည့်သည့် ဧပြီလ ၂၈ ရက် ကျော်လွန်ခဲ့သော်လည်း အပစ်ရပ်အဖွဲ့များအပေါ် တချို့အကဲခတ်များ မျှော်လင့်ထားသည့်အတိုင်း ထူးခြားသည့်တင်းမာပေါက်ကွဲမှုမရှိဘဲ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် ထိန်းချုပ်နယ်မြေအတွင်း တကျော့ပြန်စည်းကားလာကြောင်း ပန်ဆန်းသတင်းရပ်ကွက်မှ ဆိုသည်။ **(S.H.A.N 190510)** Read More...
- ပြည်သူ့စစ်အသွင်ကူးပြောင်းရေးလက်ခံထားသည့် ဦးလွယ်မောဝ်း၏တပ်ဖွဲ့မှ တပ်သားအချို့ထွက်ပြေးကာ နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးလက်မခံသည့်အဖွဲ့နှင့် လက်နက်ကိုင်တော်လှန်ဆဲ **SSA** တပ်ဖွဲ့တို့နှင့် ပူးပေါင်းကြသည်ဟု အပစ်ရပ် **SSA** နှင့်နီးစပ်သည့်အသိုင်းအဝိုင်းကပြောသည်။ **(S.H.A.N 190510)** Read More...
- နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးအတွက် မြောက်ပိုင်းတိုင်း တိုင်းမှူးဗိုလ်ချုပ်စိုးဝင်း၏ ဖိတ်ကြားချက်အရ ကချင်ပြည်လွတ်လပ်အရေးအဖွဲ့ **(KIO)** ကိုယ်စားလှယ်များသည် လိုင်ဇာမှ မြစ်ကြီးနားသို့ မေလ ၁၉ ရက်နေ့က ထွက်ခွာသွားကြောင်း **KIO** အသိုင်းအဝိုင်းမှဆိုသည်။ **(S.H.A.N 190510)** Read More...
- ပြည်သူ့စစ်တပ်အသွင်ပြောင်းမည့် မွန်ငြိမ်းချမ်းရေးနှင့် ကာကွယ်ရေးတပ်ဖွဲ့ကို ဦးဆောင်သော နိုင်အောင်နိုင်တပ်ဖွဲ့မှ စုဆောင်းရရှိထားသည့် တပ်သားသစ်များကို သံဖြူဇရပ်မြို့နယ် ရသေ့တောင်ကျေးရွာတွင် မေလ ပထမပတ်မှစ၍ စစ်အစိုးရမှ အခြေခံစစ်သင်တန်း ပို့ချပေးနေသည်။ **(IMNA 190510)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မေလ ၁၈ ရက်နေ့က သျှမ်းပြည်အရှေ့ပိုင်း တာချီလိတ်၌ နအဖ စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒု-ဗိုလ်ချုပ်ကြီးရဲမြင့် ဦးစီးကျင်းပသည့် နယ်ခြားစောင့်တပ် အသွင်ပြောင်းခြင်း အခမ်းအနားတွင် တရုတ်နိုင်ငံအခြေစိုက် **Peopledaily** ဝက်ဘ်ဆိုက် (အင်္ဂလိပ်စာမျက်နှာ) က အထူးဒေသ ၄ မိုင်းလားတပ်ဖွဲ့ပါဝင်နေကြောင်း မေလ ၁၉ ရက်နေ့က ဖော်ပြခဲ့မှုအပေါ် မိုင်းလားအဖွဲ့က ပါဝင်ပတ်သက်မှုမရှိကြောင်း အမည်မဖော်လိုသည့် မိုင်းလားဌာနချုပ်မှ အရာရှိတစ်ဦးကပြောသည်။ **(S.H.A.N 200510)** [Read More...]

## (ခ) နယ်ခြားစောင့်တပ်အသွင်ပြောင်းပြီးသည့်အဖွဲ့များ

- ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်မြို့နယ်အတွင်းရှိ လားဟူပြည်သူ့စစ်အဖွဲ့အား အမှတ် (၁၀၀၉) နယ်ခြားစောင့်တပ်ရင်းအဖြစ် ပြောင်းသည့် တပ်ဖွင့်လှစ်ပွဲအခမ်းအနားတစ်ရပ်ကို မေလ ၁၈ ရက်နေ့က တာချီလိတ်မြို့ တွင် ပြုလုပ်ခဲ့ပြီးနယ်ခြားစောင့်တပ်ဖွဲ့ အသွင်ပြောင်းရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်နေသည့် စစ်ဘက်ရေးရာ လုံခြုံရေးဌာနအရာရှိချုပ် ဒု-ဗိုလ်ချုပ်ကြီး ရဲမြင့်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ **(DVB 190510)** [Read More...]
- ကရင်နီပြည် ဖရူဆိုမြို့နယ်၊ မိုဆိုကျေးရွာအနီးတွင် အခြေစိုက်ထားသော နယ်ခြားစောင့်တပ်ဖွဲ့ဖြစ်သည့် အပစ်ရပ်ကရင်နီလူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး ကလလတ သည် ရွာသားပိုင်မော်တော်ဆိုင်ကယ်များကို မတရားအသုံးပြုဖျက်ဆီးခဲ့ပြီး လျော်ကြေးမပေးဘဲခေါင်းရှောင်နေသည်ဟု ဒေသခံများကပြောသည်။**(Kantarawaddy Times 200510)** [Read More...]
- ရှမ်းပြည်နယ်အရှေ့ပိုင်း ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသအတွင်း ဒေသခံပြည်သူ့စစ်အဖွဲ့များကို စုစည်းပြီး အမှတ် (၁၀၁၀) နယ်ခြားစောင့်တပ်အဖြစ် မေလ ၂၀ ရက်နေ့က နအဖ စစ်ဖက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒု-ဗိုလ်ချုပ်ကြီး ရဲမြင့်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ **(NMG 210510)** [Read More...]

## <u>အခြားနိုင်ငံရေးအင်အားစုများ</u>

## (က) နိုင်ငံရေးပါတီတည်ထောင်ခွင့်ရပြီးသောပါတီများ

- မြန်မာနိုင်ငံတဝှမ်း သောက်သုံးရေ ရှားပါးပြတ်လပ်မှု ရင်ဆိုင်နေကြရသည့် ပြည်သူများကို ကူညီလှူဒါန်းရာတွင် နိုင်ငံရေးရည်မှန်းချက်မထားဘဲ လူမှုရေးစိတ်ဓာတ်နှင့်သာ ဆောင်ရွက်ကြရန် ပြည်ထောင်စုဒီမိုကရေစီပါတီက တိုက်တွန်းလိုက်သည်။ **(RFA 190510)** [Read More...]
- မြန်မာနိုင်ငံတွင် စစ်အစိုးရက ကျင်းပမည့် ရွေးကောက်ပွဲကို နိုင်ငံတကာအဆင့်မီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်စေရေးအတွက် နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများကို လက်ခံပြီး မီဒီယာလွတ်လပ်ခွင့်ပေးသင့်ကြောင်း ပြည်ထောင်စု ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ကိုဖြိုးမင်းသိန်းကပြောသည်။ **(VOA 190510)** [Read More...]
- လာမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ **(Ally Mon Region Democracy Party)** မှ ကိုယ်စားလှယ်လောင်းနေရာ ၅၃ ဦးလျာထားကြောင်း ယင်းပါတီအဖွဲ့ခေါင်းဆောင် နိုင်ငွေသိန်း (နိုင်ဂျူနူမွန်) က ပြောသည်။ **(Kaowao 190510)** [Read More...]
- ၂၀၁၀ ရွေးကောက်ပွဲတွင် ချင်းပြည်နယ်အတွင်း ပါဝင်ယှဉ်ပြိုင်မည့် ချင်းမြို့နယ်စု ကိုယ်စားပြုသည့် တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ **(Ethnic National Development Party - ENDP)** ကို မေလ ၁၁ ရက်နေ့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုလိုက်ပြီဖြစ်သည်။ **(Khonumthung 200510)** [Read More...]

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## (ခ) နိုင်ငံရေးပါတီတည်ထောင်ခွင့်ရရှိရေးအတွက် လျှောက်ထားဆဲပါတီများ

- ပါတီတည်ထောင်ခွင့်လျှောက်ထားပြီး ရွေးကောက်ပွဲကော်မရှင်က ပါတီတည်ထောင်ခွင့်မချပေးသေးသဖြင့် ကချင်ပြည်နယ်တိုးတက်ရေးပါတီ **(KSPP)** သည် ကချင်ပြည်နယ်အတွင်း ပုံမှန်လုပ်နေသည့် ၂၀၁၀ ရွေးကောက်ပွဲအတွက် လူထု စည်းရုံးရေးလုပ်ငန်းများကို ခေတ္တရပ်ဆိုင်းထားသည်ဟု **KSPP** အရာရှိတစ်ဦးကပြောသည်။ **(KNG 190510)** **Read More...**

## (ဂ) နိုင်ငံရေးပါတီတည်ထောင်ရန် ပြင်ဆင်နေသည့်အင်အားစုများ

- **NLD** ပါတီသည် နအဖ၏ နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းဥပဒေအရ ဆက်လက်ရပ်တည်ခွင့်မရှိတော့သော်လည်း အဖွဲ့ဝင်ဟောင်းတချို့က အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ဟုဆိုကာ ပါတီသစ်ထူထောင်ပြီး ယခုအပတ်အတွင်း ရွေးကောက်ပွဲကော်မရှင်ထံတွင် မှတ်ပုံတင်မည်ဟု ပါတီဖြစ်မြောက်ရေးအတွက် ကြိုးပမ်းနေသည့် ဒေါက်တာသန်းငြိမ်းကပြောသည်။ **(BBC 170510)** **Read More...**
- **NLD** အဖွဲ့ဝင်ဟောင်းတချို့ ပါတီသစ်ခွဲထောင်ခြင်းသည် ဒီမိုကရေစီနည်းလမ်းမကျဟု ဒေါ်အောင်ဆန်းစုကြည်က မေလ ၁၄ ရက်နေ့တွင် ဦးဉာဏ်ဝင်းမှတဆင့် ဝေဖန်ပြောဆိုလိုက်ပြီးနောက် **"NLD** တရားဝင် ပျက်ပြယ်သွားသည့် အချိန်မှသာ ကျနော်တို့က ပါတီသစ် ထောင်တာပါ၊ တဦးချင်းအနေနဲ့ ကျနော်တို့ လုပ်ပိုင်ခွင့်ရှိပါတယ်၊ ဒီမိုကရေစီ သမားတစ်ဦး အနေနဲ့ ဒေါ်စု ကျနော်တို့အပေါ် နားလည်သင့်ပါတယ်" ဟု အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ပါတီ ခေါင်းဆောင် ဒေါက်တာသန်းငြိမ်းက ပြန်လည်တုံ့ပြန်လိုက်သည်။ **(Irrawaddy 180510)** **Read More...**

## ပြည်သူနှင့် လူထုအခြေပြုအသင်းအဖွဲ့များ

- ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့ခေါင်းဆောင် သခင်သိန်းဖေ၏ (၉၄) နှစ်မြောက် မွေးနေ့ကို မရမ်းကုန်းမြို့နယ်ရှိ ၎င်းနေအိမ်တွင် မေလ ၂၁ ရက်နေ့နံနက်ပိုင်း၌ ပြုလုပ်ခဲ့ရာ သခင်သိန်းဖေက မြန်မာပြည်ဒီမိုကရေစီရရှိရေးနှင့် စစ်အာဏာရှင်စနစ်အောက်မှ လွတ်မြောက်ရေးအတွက် နောက်ဆုံးထွက်သက်အထိ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သံန္နိဋ္ဌာန်ပြုပြောကြားလိုက်သည်။ **(NEJ 210510)** **Read More...**
- လျှပ်စစ်မီး ၂၄ နာရီပုံမှန် ရရှိရန်နှင့် လျှပ်စစ်မီတာ ထိန်းသိမ်းစောင့်ရှောက်ခများကို လျှော့ချပေးရန် မန္တလေးမြို့ရှိ ပြည်သူများက ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နေပြည်တော်ရှိ လျှပ်စစ်ဝန်ကြီးထံ ယမန်နေ့က စာပို့တောင်းဆိုလိုက်သည်။ **(Irrawaddy 210510)** **Read More...**
- ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကောင်းသည် ဟုထင်မြင်ကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် ရှိသင့်လုပ်သင့်သည်များကို နိုင်ငံတော်က လမ်းကြောင်းချပေးကြောင်း၊ လွှတ်တော်အမတ်အနေဖြင့် ဝင်အရွေးခံရန် လောလောဆယ် ဘာအစီအစဉ်မှ မရှိသေးကြောင်း မြန်မာပြည်ထိပ်တန်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးဇော်ဇော်က ပြောသည်။ **(Snapshot News Val 2 No.85)** **Read More...**

## နိုင်ငံတကာဆောင်ရွက်မှုများ

## (က) အစိုးရများ

- မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှု တစုံတရာမတွေ့ရသည့်အတွက် အမေရိကန်အစိုးရက အလွန်စိတ်ပျက်မိကြောင်းနှင့် အမေရိကန်အပါအဝင် နိုင်ငံတကာနှင့်ဆက်ဆံရေးကောင်းမွန်ရန်သာမက ကိုယ့်ပြည်သူများ၏ အနာဂတ်ပိုမိုကောင်းမွန်စေမည့် လုပ်ရပ်များလုပ်ဆောင်ရန် အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး **Kurt Campbell** က ပြောကြားလိုက်သည်။ **(VOA 190510)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ချက်သမ္မတနိုင်ငံ ဒု-နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် မေလ ၂၀ ရက်နေ့တွင် တွေ့ဆုံခဲ့ရာ ချက်သမ္မတနိုင်ငံ ဒု-နိုင်ငံခြားရေးဝန်ကြီးက လက်ရှိနိုင်ငံရေး အခြေအနေ၊ **NLD** ရှေ့လုပ်ငန်းစဉ်နှင့် လူမှုကယ် ဆယ်ရေးကိစ္စများကို အလေးထားမေးမြန်းခဲ့ကြောင်း **NLD** ဒု-ဥက္ကဋ္ဌ ဦးတင်ဦးကပြောသည်။ **(DVB 200510)** [Read More...]

(ခ) ဥရောပသမဂ္ဂ

- မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲမတိုင်မီကာလ နိုင်ငံရေးပတ်ဝန်းကျင် အနေအထားနှင့် ပတ်သက်၍ ကျေနပ်ဖွယ်မရှိကြောင်းနှင့် ရွေးကောက်ပွဲဥပဒေသည်လည်း လွတ်လပ်ပြီးတရားမျှတမှုရှိသည့် ရွေးကောက်ပွဲဖြစ်လာနိုင်မည် မဟုတ်သောကြောင့် ယင်းဥပဒေကို ရုပ်သိမ်းပေးရန် ဥရောပပါလီမန်က မေလ ၁၉ ရက်နေ့က ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ **(VOA 200510)** [Read More...]
- မြန်မာစစ်အစိုးရမှ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူသားချင်းအပေါ် ကျူးလွန်နေသည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ဖွဲ့ပြီး စုံစမ်းစစ်ဆေးရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် **Tomas Ojea Quintana** အကြံပြုချက်ကို လူသိထင်ရှားထောက်ခံကြရန် ဥရောပသမဂ္ဂ **(EU)** ပါလီမန်က ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အဆင့်မြင့်အရာရှိများကို မေလ ၂၀ ရက်နေ့က တောင်းဆိုလိုက်သည်။ **(RFA 210510)** [Read More...]

---

***End of report/ Saturday, May 22, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---